# မြန်မာအယဉ်သုံးဝေါဟာရများလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မစုစုလွင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "မြန်မာအယဉ်သုံးဝေါဟာရများ လေ့လာချက်ကျမ်း" ဖြစ်သည်။ မြန်မာဘာသာစကားရှိ အယဉ်သုံးဝေါဟာရများကို လေ့လာတင်ပြထားခြင်း ဖြစ်သည်။ မြန်မာမှုနယ်ပယ်၌ ပြောဆိုသုံးစွဲနေကြသော စကားများတွင် ယဉ်ကျေးအောင် ပြောဆိုဆက်ဆံရသော စကားများနှင့် ဂါရဝ‌ဒေါသသင့်စေသော ဝေါဟာရများတွင် အယဉ်သုံးဝေါဟာရများဖြင့် အစားထိုး သုံးလေ့ရှိသည်ကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ရှိပါသည်။ အယဉ်သုံးဝေါဟာရများကို လေ့လာရာတွင် နေ့စဉ်သုံး ဝေါဟာရများကိုလည်းကောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး ဟူ၍ အကြောင်းအရာအလိုက် နယ်ပယ်အသီးသီးတွင် ပြောဆိုသည့် အယဉ်သုံးဝေါဟာရများကိုလည်းကောင်း လေ့လာတင်ပြထားပါသည်။ လေ့လာရာတွင်လည်း စာပေအရေးအဖွဲ့များမှ ဝေါဟာရများနှင့် လူမှုနယ်ပယ်၌ နေ့စဉ် သုံးနှုန်းပြောဆိုသည့် ဝေါဟာရအသုံးအနှုန်းများကို အဓိကထားပါသည်။ ထိုအယဉ်သုံးဝေါဟာရများကို အဓိပ္ပာယ်ပညာရှုထောင့်မှ လေ့လာခြင်းဖြင့် မြန်မာဘာသာစကား လေ့လာမှုနယ်ပယ်၌ တစ်ခန်းတစ်ကဏ္ဍအဖြစ် ရပ်တည်လာအောင် ဖော်ထုတ်ပြလိုခြင်း ဖြစ်ပါသည်။ လောကသဘာဝကိစ္စများနှင့် ဆိုင်သည့် အယဉ်သုံးဝေါဟာရများကို ရှေးမြန်မာစာပေတွင် စတင်တွေ့ရှိရပါသည်။ အယဉ်သုံး ဝေါဟာရများကို အသုံးပြုရာတွင် အနက်ပျော့ပျောင်းသော၊ နားခံသာသော မြန်မာစကားလုံးများအပြင် ဘာသာခြား အင်္ဂလိပ်၊ ပါဠိ၊ စကားလုံးများဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ တင်စား၍သော်လည်းကောင်း အစားထိုးရှောင်လွှဲ အသုံးပြုသည်ကို လေ့လာတင်ပြထားပါသည်။ အယဉ်သုံးဝေါဟာရများကို လေ့လာခြင်းဖြင့် မြန်မာစကား လေ့လာမှု နယ်ပယ်တစ်ကွက်ကို အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။